6

သင်ခန်းစာ (၆)

# အန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး

## Safety and Security

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

UKaid
from the British people

HARP-F
Humanitarian Assistance and Resilience Programme Facility

# သင်ခန်းစာ ရည်ရွယ်ချက်

၁။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် သတိထားရမည့် လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အကြောင်းအရာများကို သိရှိနားလည်စေရန်၊

၂။ မိမိလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၏ အရေးပါမှုကို သိရှိနားလည်စေရန်၊

၃။ အန္တရာယ်များသည့်နေရာများတွင် လုပ်ငန်းလုပ်ဆောင်ရပါက လက်နက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ အန္တရာယ်မှ ထိခိုက်မှုနည်းပါးစေရန် လိုက်နာဆောင်ရွက်သင့်သည်များကို သိရှိစေရန်။

HARP-F
Humanitarian Assistance and Resilience Programme Facility

# ခရီးစဉ်တစ်ခု မစတင်မီ ကြိုတင်ပြင်ဆင်ခြင်း

- ဒေသအလိုက် ကြုံတွေ့နိုင်မည့် အန္တရာယ်များ၊ မြိမ်းခြောက်မှုများကို လေ့လာသုံးသပ် ထားပါ။
- ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ယာဉ်မောင်းများအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ  သင်တန်းများပေးထားပါ။ (ဥပမာ - မိုင်းအန္တရာယ်နှင့်ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ချက်များ)
- သွားရောက်မည့်အဖွဲ့အတွက် အဖွဲ့ဝင်များအား ရွေးချယ်ရာတွင်  ဒေသခံ ဘာသာစကားကို နားလည်တတ်ကျွမ်းသူ အနည်းဆုံး တစ်ဦး ပါဝင်စေပါ။
- ယုံကြည်စိတ်ချရသော၊ ဒေသအခြေအနေကို နှံ့စပ်နားလည်သော ယာဉ်မောင်းကိုသာ ရွေးချယ်ပါ။
- အသုံးပြုမည့် ယာဉ်၏ ကြံ့ခိုင်ရေးကို ကြိုတင်စစ်ဆေးထားပါ။

HARP-F
Humanitarian Assistance and Resilience Programme Facility


# ခရီးသွားမည့် အဖွဲ့နှင့်အတူ ယူဆောင်သွားသင့်သည့် အရာများ

- မှတ်ပုံတင်
- ဒေသအတွင်း သွားလာရန် ခွင့်ပြုမိန့်
- ဝန်ထမ်းကဒ်
- မြေပုံ
- ဆက်သွယ်ရေး ပစ္စည်းကိရိယာများ (ဖုန်း၊ GPS၊ ဂြိုလ်တုဖုန်း)
- ဆိုင်ကယ်စီး ဦးထုပ် (ဆိုင်ကယ်ခရီး ဖြစ်ပါလျှင်)
- အသက်ကယ်အင်္ကျီ (ရေလမ်းခရီးဖြစ်ပါလျှင်)
- သောက်ရေ နှင့် ရိက္ခာခြောက်
- အရေးပေါ်အိပ်ရာလိပ်
- လည်ရှည်ဖိနပ်
- လုပ်ငန်းအတွက် လိုအပ်သည့် စာရွက်စာတမ်းများ( ဥပမာ - ကနဦးလေ့လာဆန်းစစ်ခြင်း မေးခွန်းလွှာ)

HARP-F
Humanitarian Assistance and Resilience Programme Facility

# ယာဉ်ပေါ်တွင် ယူဆောင်သွားသင့်သည့်အရာများ

- ရှေ့ဦးသူနာပြု ဆေးသေတ္တာ/ဆေးအိတ်
- အဖွဲ့၏ အမှတ်တံဆိပ်/အလံ
- ယာဉ် နှင့် ဆက်စပ် ပစ္စည်းများ (ဘီးအပို၊ စက်ပြင်ပစ္စည်းကိရိယာ၊ ဂေါ်ပြား၊ ကြိုး၊ ဝန်ချီစက်)
- လက်နှိပ်ဓာတ်မီး
- မီးသတ်ဆေးဗူး




# အန္တရာယ်များသော ဝန်းကျင်ဒေသတွင် လုပ်ငန်းဆောင်ရွက်ခြင်း



# စစ်ဆေးရေးဂိတ်များနှင့် အတားဆီးများ ဖြတ်သန်းခြင်း

- အခြေအနေကို သုံးသပ်ပါ။ မော်တော်ယာဉ် အရှိန်လျှော့ပါ။ ကားတံခါးများ ဂျက် ချ ထားပါ။
- ကား ကက်ဆက်၊ ရေဒီယို ပိတ်ထားပါ။
- ယာဉ်ကို ရပ်ခိုင်းမှသာ ရပ်ပါ။ ယာဉ်အပြင် မထွက်ပါနှင့်။
- စစ်ဆေးရေးဂိတ်များကို ညအချိန် ချဉ်းကပ်ပါက ရှေ့မီးကြီးများကို မှိတ်ပြီး မီးအသေးသာ ထွန်းထားပါ။
- အဖွဲ့ကိုယ်စား ပြောဆိုမည့်သူ တစ်ဦးကို ရွေးချယ်ပြီး ပြောဆိုစေပါ။
- မေးလာနိုင်မည့် မေးခွန်းများကို ဖြေဆိုရန် ပြင်ဆင်ထားပါ။
- မေးသလောက်သာ ဖြေပါ။ သတင်းအချက်အလက် ပိုမပေးပါနှင့်။
- စိတ်ငြိမ်ငြိမ်ထားပါ။ ရုတ်တရက် လှုပ်ရှားမှု ပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါ။
- လက်ဆောင်ပေးခြင်း၊ လာဘ်ထိုးခြင်းများကို ရှောင်ကြဉ်ပါ။
- သင့်အဖွဲ့က ချမှတ်ထားသော စစ်ဆေးရေးဂိတ်ဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာပါ။

HARP-F
Humanitarian Assistance and Resilience Programme Facility

# အမြောက်ပစ်ခတ်မှုနှင့် ဗုံးကြဲတိုက်ခိုက်မှု

- အမြောက်သံ ကြားကြားချင်း အကာအကွယ်ယူပါ။ နောက်တစ်ကြိမ် ကြားသည်အထိ မစောင့်ပါနှင့်။
- အန္တရာယ်အကင်းဆုံးနေရာဟုသတ်မှတ်ထားသည့် အခန်း သို့မဟုတ် ဗုံးခိုကျင်း ရှိပါက ထိုနေရာသို့ သွား၍ အကာအကွယ်ယူပါ။ မရှိပါက အဆောက်အဦး၏ အောက်ဆုံးထပ် သို့မဟုတ် မြေအောက်ထပ် ကွန်ကရစ် နံရံထူထူရှိသည့် အခန်းတွင် အကာအကွယ်ယူပါ။
- အပြင်ထွက်၍ အခြားသူများအား လိုက်လံရှာဖွေခြင်း မပြုလုပ်ပါနှင့်။
- စိတ်ငြိမ်ငြိမ်ထားပါ။ သင့်အဖွဲ့က ချမှတ်ထားသော လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာပါ။
- အမြောက်ပစ်ခတ်စဉ် နှင့် ဗုံးကြဲချိန်တွင် အခြားတစ်နေရာတွင် ရောက်ရှိနေပါက ဒေသခံများနောက်သို့ လိုက်ပါ။
- အမြောက်ပစ်ခတ်စဉ် နှင့် ဗုံးကြဲချိန်တွင် မော်တော်ယာဉ်အောက်သို့ဝင်၍ ပုန်းအောင်းခြင်း မပြုပါနှင့်။ မော်တော်ယာဉ်များသည် ဗုံးဒဏ်မှ အကာအကွယ်မပေးနိုင်သည့်အပြင် ပစ်မှတ်တစ်ခု ဖြစ်နေနိုင်ပါသည်။

# အပြန်အလှန်ပစ်ခတ်မှု

## အဆောက်အဦးအတွင်းရှိနေစဉ်

- ပြတင်းပေါက်များ၊ တံခါးများနှင့် ဝေးရာတွင်နေပါ။ အပြင်သို့ စပ်စုချင်သောစိတ်ကို ချုပ်ထိန်းပါ။
- ဝရန်တာ၊ ခေါင်းမိုးပေါ်၊ ခြံဝန်းထဲသို့ ထွက်ခြင်း မပြုပါနှင့်။
- ပစ်ခတ်သည့်အသံ ကြားလျှင်ကြားချင်း ကြမ်းပေါ်သို့ ဝပ်ချပါ။ ကွန်ကရစ်နံရံ (သို့မဟုတ်) ရေချိုးခန်း၊ မြေအောက်ခန်း၊ လှေခါးခွင်အောက်ဘက်သို့ တွားသွား၍ အကာအကွယ်ယူပါ။
- ပစ်ခတ်မှုများလုံးဝ ရပ်စဲသွားသည့် အချိန်မှသာ အကာအကွယ်ယူထားသောနေရာမှ အပြင်သို့ ထွက်ပါ။
- ဘေးကင်းလုံခြုံသည့် နေရာသို့ရောက်ရှိလျှင် ဖြစ်စဉ်အား အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ခံကို ချက်ချင်းအကြောင်းကြားပြီး ညွှန်ကြားချက်ရယူပါ။

HARP-F
Humanitarian Assistance and Resilience Programme Facility

# အပြန်အလှန်ပစ်ခတ်မှု

## လမ်းလျှောက်နေစဉ်

- ပစ်ခတ်သည့်အသံ ကြားလျှင်ကြားချင်း မြေပြင်သို့ လျှင်မြန်စွာ ဝပ်ချပါ။ ပြားပြားဝပ်နေပါ။
- ပစ်ခတ်မှု ခေတ္တရပ်သွားလျှင် လုံခြုံမှုရှိသည့် အနီးဆုံး အကာအကွယ်ရှိရာသို့ ဝပ်၍ သွားပါ။
- ပတ်ဝန်းကျင်ရှိ လူများ၏ တုံ့ပြန်မှုကို လေ့လာပြီး အခြေအနေကို သုံးသပ်ပါ။
- ပစ်ခတ်မှု ဖြစ်ပွားနေသည့် နေရာမှ အခြားနေရာသို့ ရွှေ့ပြောင်းရန် လုံခြုံမှု ရှိ/မရှိ ဆုံးဖြတ်ပါ။
- ဘေးကင်းလုံခြုံသည့် နေရာသို့ ရောက်ရှိလျှင် အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ခံကို ဖြစ်စဉ်အား ချက်ချင်းအကြောင်းကြားပြီး ညွှန်ကြားချက်ရယူပါ။

HARP-F
Humanitarian Assistance and Resilience Programme Facility

# အပြန်အလှန်ပစ်ခတ်မှု

## ယာဉ်မောင်းနေစဉ်

- ရှေ့တွင် လမ်းရှင်းလင်းနေလျှင် လျှင်မြန်စွာ မောင်းထွက်ပါ။ သို့သော် အန္တရာယ်မရှိအောင် မောင်းနှင်ပါ။ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များကို တတ်နိုင်သမျှ ဝပ်၍ လိုက်စေပါ။
- ရှေ့မြင်နိုင်သည့် အကွာအဝေးတွင် ပစ်ခတ်မှုများ ဖြစ်ပေါ်နေလျှင် ဖြေးညှင်းစွာ နောက်ပြန်လှည့်၍ ဘေးကင်းမည့် နေရာသို့ မောင်းနှင်ပါ။
- ယာဉ်ကိုရပ်၍ အပြင်သို့ထွက်ပြီး ဘေးလွတ်ရာနေရာတွင် အကာအကွယ်ရယူပါ။ ကားနောက်တွင် အကာအကွယ် ရယူခြင်းသည် မလုံခြုံနိုင်ကြောင်း သတိပြုပါ။
- မော်တော်ယာဉ်အပြင်သို့ ရောက်ရှိပြီးနောက် သင်ရှိရာနေရာသို့ တိုက်ရိုက် ပစ်ခတ်နေပါက မြေပြင်ပေါ်တွင် ပြားပြားဝပ်နေပါ။
- ပတ်ဝန်းကျင်တွင်ရှိသော လူများ၏ တုံ့ပြန်မှုကို လေ့လာပြီး အခြေအနေကို သုံးသပ်ပါ။
- ပစ်ခတ်မှု ဖြစ်ပွားနေသည့် နေရာမှ အခြားနေရာသို့ ရွှေ့ပြောင်းရန် လုံခြုံမှု ရှိ/မရှိ ဆုံးဖြတ်ပါ။
- ပစ်ခတ်မှုများ အပြီးရပ်သွားမှသာ မော်တော်ယာဉ်ဆီသို့ ပြန်လာပါ။

HARP-F
Humanitarian Assistance and Resilience Programme Facility

# မိုင်း၊ မပေါက်ကွဲသေးသည့် စစ်သုံးပစ္စည်းများ နှင့် ပေါက်ကွဲစေတတ်သော လက်လုပ်ပစ္စည်းများ

- တိုက်ပွဲဖြစ်ရာနေရာ (သို့မဟုတ်) နေရာသစ်တစ်ခုတွင် တာဝန်ထမ်းဆောင်ရပါလျှင် ဒေသခံများ၏ အကြံပြုချက်ရယူပါ။
- ခရီးသွားလာလျှင် ဒေသခံတစ်ဦး ခေါ်ဆောင်သွားပါ။
- သွားလေ့မရှိသော လမ်းကြောင်းအသစ် ထွင်၍ မသွားပါနှင့်။ ညအချိန် ခရီးသွားလာခြင်းကို ရှောင်ရှားပါ။
- မိုင်း၊ မပေါက်ကွဲသေးသည့် စစ်သုံးပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သော လက်လုပ်ပစ္စည်းများကို ထိတွေ့ ကိုင်တွယ်၊ ပြောင်းရွှေ့ခြင်း မပြုပါနှင့်။
- သံသယဖြစ်ဖွယ် ပိုင်ရှင်မဲ့ အထုပ်များ၊ ပစ္စည်းများ တွေ့ရှိပါလျှင် အနားသွားကြည့်ခြင်း၊ ထိတွေ့ ကိုင်တွယ်၊ ပြောင်းရွှေ့ခြင်းများ မပြုလုပ်ဘဲ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
- လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရပါက လက်ပစ်ဗုံးဟုအော်ပြီး မိမိအနားရှိသူများကို အသိပေး၍ ချက်ချင်း ဝပ်ချပါ။ နားနှစ်ဖက်ကို အုပ်ထားပါ။

# ဖမ်းဆီးထိန်းသိမ်းခံရခြင်း

- ဖမ်းဆီးထိန်းသိမ်း ခံရပါက အတိုက်အခံ မလုပ်ပါနှင့်။ သင့်အမှု ပိုကြီးသွားနိုင်ပါသည်။
- စိတ်ငြိမ်ငြိမ်ထားပါ။ ရန်လိုခြင်း၊ ဒေါသထွက်ခြင်း အပြုအမူများကို ရှောင်ရှားပါ။
- မိမိအဖွဲ့၊ လုပ်ဖော်ကိုင်ဖက်များမှ ခွဲမထွက်ပါနှင့်။
- အဖွဲ့ကိုယ်စား ပြောဆိုမည့်သူတစ်ဦးကို ရွေးချယ်၍ ပြောဆိုစေပါ။
- မိမိ အဘယ်ကြောင့် အဖမ်းခံရကြောင်းနှင့် မိမိအပေါ် အမှုဆင်နိုင်မည့် သက်သေ အထောက်အထားများကို စဉ်းစားပါ။
- ဖမ်းဆီးသူသည် မည်သည့်အရာကို အလိုရှိကြောင်း၊ ဖမ်းဆီးရသည့် အကြောင်းအရင်း စသည်ကို  သေချာစွာ နားထောင်ပါ။
- ကယ်ဆယ်ရေး လုပ်ဆောင်သူဖြစ်ကြောင်း သက်သေခံ အထောက်အထားများနှင့်တကွ ရှင်းပြပါ။
- သင့်ရုံးကို ဆက်သွယ်ခွင့်ပေးရန် တောင်းဆိုပါ။ သို့မဟုတ် သင့်ကိုယ်စား ၎င်းတို့ကို ဆက်သွယ်ခိုင်းပါ။
- ပြန်လည်လွတ်မြောက်နိုင်ရန်အတွက် ဦးတည်ဆွေးနွေးညှိနှိုင်းပါ။

# သင်ခန်းစာ ပြီးဆုံးပါပြီ


**References:**

- CIRC personal safety and security, Kaya - www.kayaconnect.org
- Personal Safety and Security Certificate Course, Save the Children - www.disasterready.org